## ဆီးဂိမ်း မွေ့ပြိုင်ပွဲတွင် မြန်မာကစားသမားများ ကြေးတံဆိပ်ကိုးခု ဆွတ်ခူးရရှိ



**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဆီးဂိမ်းမွေ့ပြိုင်ပွဲ နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၇ ရက်က ဆက်လက်ကျင်းပရာ မြန်မာကစားသမားများ ကြေးတံဆိပ်ကိုးခု ဆွတ်ခူးရရှိခဲ့သည်။

ယခုပြိုင်ပွဲတွင် မြန်မာကစားသမားအများစု ဝင်ရောက်ယှဉ်ပြိုင်ရာ ကစားသမားကိုးဦးက ဆုတံဆိပ်ကိုးခု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာမွေ့အဖွဲ့အတွက် ကြေးတံဆိပ်ကိုးခုကို အမျိုးသား ဘင်တန်ဝိတ်တန်းတွင် စောခိုင်ရဲလင်း၊ ဖယ်သာဝိတ်တန်းတွင် သွေးလင်းထက် (ခ) စောအဲထိ၊ ဖလိုင်းဝိတ်တန်းတွင် ထန်ခွီးရှိန်၊ ပင်းဝိတ်တန်းတွင် စောမြတ်မိုး၊ လိုက်မစ်ဒယ်ဝိတ်တန်းတွင် ထွန်းမင်းအောင်၊ လိုက်ဝယ်လ်တာဝိတ်တန်းတွင် ရေချမ်း (ခ) စူပါရေချမ်း၊ အမျိုးသမီး ဘင်တန်ဝိတ်တန်းတွင် မာလာဝင်း၊ ဖယ်သာဝိတ်တန်းတွင် နော်ဥမ္မာစိုး၊ လိုက်ဝိတ်တန်း အဲလိဇဘတ်တို့က ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာမွေ့အားကစားသမားများသည် ဗိုလ်လုပွဲသို့ တစ်ဦးမျှ တက်ရောက်နိုင်ခြင်းမရှိသော်လည်း ကြေးဆုများ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-PPS**

### (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

(၁၇-၁၂-၂၀၂၅)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ထိုင်း | ၁၈၅ | ၁၂၀ | ၈၀ | ၃၈၅ |
| ၂။ | အင်ဒိုနီးရှား | ၇၂ | ၈၅ | ၉၄ | ၂၅၁ |
| ၃။ | ဗီယက်နမ် | ၆၄ | ၆၉ | ၉၄ | ၂၂၇ |
| ၄။ | စင်ကာပူ | ၄၆ | ၄၂ | ၆၃ | ၁၅၁ |
| ၅။ | မလေးရှား | ၄၁ | ၄၅ | ၁၀၆ | ၁၉၂ |
| ၆။ | ဖိလစ်ပိုင် | ၃၈ | ၅၅ | ၁၂၀ | ၂၁၃ |
| ၇။ | မြန်မာ | ၃ | ၁၉ | ၃၄ | ၅၆ |
| ၈။ | လာအို | ၂ | ၉ | ၂၁ | ၃၂ |
| ၉။ | ဘရူနိုင်း | ၁ | ၃ | ၄ | ၈ |
| ၁၀။ | တီမောလက်စ်တေ | ၀ | ၀ | ၃ | ၃ |

မှတ်ချက်။ ကမ္ဘောဒီးယားနိုင်ငံသည် ဆီးဂိမ်းပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သည်။

## ဆီးဂိမ်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ပြီးဆုံးပြီး မြန်မာအဖွဲ့ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးသုံးခု ဆွတ်ခူး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

(၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ပြီးဆုံးခဲ့ပြီး မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာဘိလိယက် အဖွဲ့သည် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ မြန်မာစနူကာအဖွဲ့သည် ကြေးတံဆိပ်သုံးခု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို ပေါက်စ၊ နေသွေးဦးနှင့် အောင်ငွေးတို့ ပါဝင်သည့်အသင်းက အသင်းလိုက်ပြိုင်ပွဲတွင် ရယူနိုင်ခဲ့ပြီး ငွေတံဆိပ်ဆုကို တစ်ဦးချင်းပြိုင်ပွဲမှ ပေါက်စက ရယူပေးခဲ့သည်။ မြန်မာစနူကာအဖွဲ့အတွက် ကြေးတံဆိပ်သုံးခုကို စနူကာ တစ်ဦးချင်းပြိုင်ပွဲမှ ဘုန်းမြင့်ကျော် (ခ) အားတီက တစ်ခု၊ အသင်းလိုက်ပြိုင်ပွဲတွင် တစ်ခုနှင့် 6 Red တစ်ဦးချင်း ပြိုင်ပွဲတွင် နေမင်းထွန်းက တစ်ခု ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့သည် ရွှေတံဆိပ်အပါအဝင် ဆုတံဆိပ်ငါးခုအထိ ရယူနိုင်ခဲ့သဖြင့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရသည့် မြန်မာအားကစား အဖွဲ့အဖြစ် ရပ်တည်နိုင်ခဲ့သည်။



မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့အတွက် နောက်ဆုံးဆုတံဆိပ်ဖြစ်သော စနူကာတစ်ဦးချင်းပြိုင်ပွဲမှ ကြေးတံဆိပ်ရခဲ့သည့် ဘုန်းမြင့်ကျော် (ခ) အားတီအား ဆုယူအပြီး တွေ့ရစဉ်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MSYA**

## ဆီးဂိမ်း ပိုက်ကျော်ခြင်းလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဆီးဂိမ်း ပိုက်ကျော်ခြင်းလေးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၁၇ ရက်က ဆက်လက်ကျင်းပရာ မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

**အနိုင်ရရှိ**

အုပ်စုဒုတိယနေ့တွင် မြန်မာအမျိုးသားအသင်းက တီမောအသင်းကို ၂-၀ ပွဲ၊ ဖိလစ်ပိုင်အသင်းကို ၂-၀ ပွဲဖြင့် အနိုင်ရရှိပြီး မြန်မာအမျိုးသမီး အသင်းက မလေးရှားအသင်းကို ၂-၀ ပွဲ၊ အင်ဒိုနီးရှားအသင်းကို ၂-၀ ပွဲဖြင့် အနိုင်ရရှိသည်။ ဒီဇင်ဘာ ၁၆ ရက်က ယှဉ်ပြိုင်သည့် အုပ်စုပထမနေ့တွင် မြန်မာအမျိုးသားအသင်းက အိမ်ရှင်ထိုင်းအသင်းကို ရှုံးပြီး အင်ဒိုနီးရှားအသင်းကို အနိုင်ရသော်လည်း မြန်မာအမျိုးသမီးအသင်းမှာမူ အိမ်ရှင်ထိုင်းအသင်းကို အရေးနိမ့်ခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အမျိုးသားပြိုင်ပွဲ အုပ်စု (A) ၌ ထိုင်းအသင်းက အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စုဒုတိယ၊ အုပ်စု (B) ၌ လာအိုအသင်းက အုပ်စုပထမ၊ ဗီယက်နမ်အသင်းက အုပ်စုဒုတိယရရှိသည်။ အမျိုးသမီးပြိုင်ပွဲတွင် အုပ်စု (B) ပွဲစဉ်များသာ ပြီးဆုံးသေးပြီး အုပ်စု (A) ပွဲစဉ်များမပြီးဆုံးသေးသဖြင့် တစ်သင်းထွက်ပေါ်ရန် ကျန်ရှိနေပြီး ဗီယက်နမ်အသင်းက အုပ်စုပထမရရှိကာ အုပ်စု (B) ၌ ထိုင်းအသင်းက အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စုဒုတိယ ရရှိသည်။

**ယှဉ်ပြိုင်ရမည်**

ဆီမီးဖိုင်နယ် ပွဲစဉ်များကို ဒီဇင်ဘာ ၁၈ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသား အသင်းက လာအိုအသင်း၊ မြန်မာအမျိုးသမီး အသင်းက ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ကိုညီလေး**

## ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဖိလစ်ပိုင်အသင်း ဗိုလ်စွဲပြီး ချန်ပီယံအသင်းသစ် ထွက်ပေါ်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယလုပွဲနဲ့ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၇ ရက်က ချောင်ဘူရီမြို့၌ ဆက်လက်ကျင်းပရာ ဖိလစ်ပိုင်အသင်းက ဗီယက်နမ်အသင်းကို ပင်နယ်တီအဆုံးအဖြတ် ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုရရှိခဲ့သည်။

ဗိုလ်လုပွဲတွင် ဖိလစ်ပိုင်အသင်းနှင့် ဗီယက်နမ်အသင်းတို့ သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် ဂိုးမရှိ၊ အချိန်ပိုမိနစ် ၃၀ တွင် ဂိုးမရှိသရေကျနေသဖြင့် ပင်နယ်တီဖြင့်ဆုံးဖြတ်ရာ ဖိလစ်ပိုင်အသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့်အနိုင်ရခဲ့သည်။ ဆီးဂိမ်းအမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် ဗီယက်နမ်နှင့် ထိုင်းအသင်းတို့ ကြီးစိုးထားမှုကို ဖိလစ်ပိုင်အသင်းက အဆုံးသတ်ခဲ့ပြီး ချန်ပီယံအသင်းသစ် ထွက်ပေါ်ကာ ရွှေတံဆိပ်ဆု ပထမဆုံးရယူနိုင်ခဲ့သည်။

အုပ်စုတူနှစ်သင်း ဗိုလ်လုပွဲတွင် ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး အပြန်အလှန်တိုက်စစ်ဆင်နိုင်သော်လည်း ပွဲချိန်မိနစ် ၉၀ ပြည့်သည်အထိ ဂိုးမသွင်းနိုင်သဖြင့် အချိန်ပို ဆက်ကစားခဲ့ရသည်။ အချိန်ပိုတွင်လည်း အဖြေမပေါ်သဖြင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ ဖိလစ်ပိုင်အသင်းက ခြောက်လုံးစလုံး ဂိုးဝင်ပြီး ဗီယက်နမ်အသင်း၏ ခြောက်လုံးမြောက် ပင်နယ်တီလွဲချော်ခဲ့သဖြင့် ဗီယက်နမ်အသင်း အရေးနိမ့်ကာ စံချိန်တင် ငါးကြိမ်ဆက်ဗိုလ်စွဲမည့်အခွင့်အရေး လက်လွှတ်ခဲ့ရသည်။

တတိယနေရာလုပွဲတွင် အိမ်ရှင်ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကြေးတံဆိပ်ရရှိခဲ့သည်။

**ရှိုင်းထက်ဇော်**

## ❋ ဆီးဂိမ်းမှ

ဥက္ကာ၌ ဦးသောင်းထိုက်မင်း (Jewellery Luck Group of Companies) က ဆုကြေးငွေကျပ်သိန်း ၅၀ ချီးမြှင့်သည်။

အပြည်ပြည်ဆိုင်ရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ဒုတိယနေ့ကို ဒီဇင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MRF**

## ✤ ဆီးဂိမ်း လက်ဝှေ့မှ

ဆီမီးဖိုင်နယ်တွင် မြန်မာကစားသမား နုတ်မာန်က အင်ဒိုနီးရှား ကစားသမား အူဒင်ဆာရီကိုလည်းကောင်း၊ အမျိုးသမီး ၆၆ ကီလိုတန်းတွင် မြန်မာကစားသမား ကေသွယ်ငြိမ်းက ထိုင်းကစားသမား ဆူဝါနာဖန်ကိုလည်းကောင်း၊ အမျိုးသမီး ၅၀ ကီလိုတန်းတွင် မြန်မာကစားသမား မြမိုးသူက ဖိလစ်ပိုင်ကစားသမား အီရာကိုလည်းကောင်း၊ အမျိုးသမီး ၅၇ ကီလိုတန်းတွင် မြန်မာကစားသမား ဆုမြတ်နိုးက ဗီယက်နမ်ကစားသမား ငုယင်ဟူရန်ထရန်ကိုလည်းကောင်း အသီးသီး အရေးနိမ့်ကာ ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်းလက်ဝှေ့ပြိုင်ပွဲ နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း-မောင်စံကြီး၊ ဓာတ်ပုံ-PPS**

## ဆီးဂိမ်း အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း မလေးရှားကို ဂိုးပြတ်အရေးနိမ့်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဆီးဂိမ်း အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုတတိယနေ့ကို ဒီဇင်ဘာ ၁၇ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် မလေးရှားအသင်းကို ရှစ်ဂိုး - တစ်ဂိုးဖြင့် ဂိုးပြတ် အရေးနိမ့်ခဲ့သည်။

မြန်မာအသင်းအတွက် ကြေးတံဆိပ် မျှော်လင့်နိုင်သည့် အရေးပါသောပွဲဖြစ်သော်လည်း မထင်မှတ်ဘဲ ဂိုးပြတ်အရေးနိမ့်သဖြင့် ဆုတံဆိပ်လွဲချော်ရန် သေချာသလောက်ရှိသွားပြီဖြစ်သည်။ မြန်မာအသင်းသည် ယမန်နေ့က ကစားသည့် ထိုင်းနှင့်ပွဲတွင် ပုံစံကောင်းပြသကာ သုံးဂိုးသာပေးခဲ့ရသော်လည်း ယခုပွဲတွင် သိသိသာသာအမှားများခဲ့ပြီး ပထမပိုင်းမှာပင် ခြောက်ဂိုးအထိ ခွင့်ပြုခဲ့ရသဖြင့်ပေးဂိုးများသွားခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၁၆ မိနစ်တွင် နိုင်လင်းထွန်းကျော်က သွင်းယူခဲ့သည်။

အခြားပွဲတွင် ဗီယက်နမ်အသင်းက အင်ဒိုနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် ထိုင်းအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မလေးရှားအသင်းက သုံးပွဲကစား ခြောက်မှတ်၊ အင်ဒိုနီးရှားအသင်းနှင့် ဗီယက်နမ်အသင်းက နှစ်ပွဲကစား သုံးမှတ်စီရရှိထားကာ မြန်မာအသင်းမှာမူ သုံးပွဲကစား အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဒီဇင်ဘာ ၁၉ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ထွဏ်းသွေးအိမ်**

